ပေါက်ချောင်းကျေးရွာ
တောကျောင်းကျေးရွာအုပ်စု၊ ပန်းတနော်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာမှတ်တမ်း
# (၂၀၂၂-၂၀၂၇)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
တောကျောင်းကျေးရွာအုပ်စု၊ ပေါက်ချောင်းကျေးရွာ၊ ပန်းတနော်မြို့နယ်
( သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက
ကူညီရေးဆွဲသည်။)

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ

# မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီ** | |
| | **ပေါက်ချောင်းကျေးရွာသယံဇာတပြမြေပုံ၊ပန်းတနော်မြို့နယ်** | |
| ၁။ | **တည်နေရာနှင့်ပထဝီဝင်အနေအထား** | |
| ၂။ | **ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ** | |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** | |
| ၄။ | **စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ** | |
| | (က)သီးနှံစိုက်ပျိုးရေး | |
| | (ခ)မွေးမြူရေးလုပ်ငန်း | |
| | (ဂ)စိုက်ပျိုးရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | |
| | (ဃ)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | |
| ၅။ | **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** | |
| | (က)ကျေးလက်သယ်ယူပို့ဆောင်ရေး | |
| | (ခ)ကျေးရွာမီးလင်းရေး | |
| | (ဂ)သတင်းနှင့်ဆက်သွယ်ရေး | |
| ၆။ | **ပညာရေး** | |
| ၇။ | **ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး** | |
| ၈။ | **ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | |
| ၉။ | **ကျား-မရေးရာဆိုင်ရာကိစ္စ** | |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ** | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | |
| | နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | |
| | နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | |
| | နောက်ဆက်တွဲ(၄)ဦးစားပေးစီမံချက် အဆိုပြုလွှာ(၁) | |

**စကားချီး**

ယခုရေးဆွဲခဲ့သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ် မှ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော တောကျောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၊ ကျေးရွာရပ်မိရပ်ဖများ ၊ ကျေးရွာပြည်သူများ နှင့် ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ဝန်ထမ်းများ ပူးပေါင်း ဆောင်ရွက်မှုဖြင့် ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကျွန်ုပ်တို့ ပေါက်ချောင်းကျေးရွာ၏ ကျေးရွာပြည်သူများ ပါဝင်ကာ စီမံကိန်း ဖြစ်မြောက်ရေး အတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးကူညီပေးခဲ့သည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးရွာရှိ ပညာရေး၊ကျန်းမာရေး၊ စီးပွားရေး၊လူမှုရေး အတွက် အစီအစဉ် အစီအမံများ ဆောင်ရွက်ခဲ့သော်လည်း ကျေးရွာပြည်သူ တစ်ရပ်လုံးပါဝင်၍ စနစ်တကျရွေးချယ်သည့် နည်းလမ်းများကို ကျင့်သုံးဆောင်ရွက်မှု အားနည်း ခဲ့ပါသည်။ ယခုအခါ ကျေးရွာ ပြည်သူလူထုများကိုယ်တိုင် တက်တက်ကြွကြွ စုပေါင်းအင်အားဖြင့် ပူးပေါင်းပါဝင်ကာ နည်းလမ်းစနစ်တကျအသုံးပြု၍ စဉ်းစားတွေးခေါ် တိုင်ပင်ဆွေးနွေး အဖြေရှာ ခြင်းများ ဆောင်ရွက်ခဲ့ကြရာတွင် နည်းပညာ၊ အစီအစဉ်ရေးဆွဲနည်းများကို ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခဲ့ခြင်းကြောင့် ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်ခဲ့သည့် ကျေးရွာဒေသဆိုင်ရာ လူမှုစီးပွားဘဝဆိုင်ရာ အချက်အလက် များ၊ ကိန်းဂဏန်းများ၊ လူနေထိုင်မှု အကျင့်စရိုက်များစသည့် အသေးစိတ် စာရင်းများကိုပါ သိရှိ ဖော်ထုတ်နိုင်ခဲ့ပါသည်။

ကျေးရွာတွင်း အရေးကြီးလိုအပ်သည့် ကျေးလက်တည်ဆောက်ရေးလုပ်ငန်းများကို တစ်ဦး တစ်ယောက်၊ အစုအဖွဲ့တစ်ခု၏ဆုံးဖြတ်ခြင်းမျိုးမဟုတ်ပဲအများပြည်သူဆန္ဒဖြင့် ပွင့်လင်းမြင်သာ စွာစနစ်တကျရွေးချယ်ခဲ့သည့်အတွက် ကျေးရွာပြည်သူများ ပူးပေါင်း ပါဝင်တတ်သည့် အလေ့အကျင့်

ကောင်းများ၊ စွမ်းဆောင်ရည်မြင့်မားခြင်း၊ ဌာနဆိုင်ရာများနှင့်ပူးပေါင်းဆောင်ရွက်တတ် သည့် အလေ့အကျင့်များ၊ ဒီမိုကရေစီနည်းလမ်းကျကျပွင့်လင်းမြင်သာစွာဆောင်ရွက်တက်သည့် အလေ့အကျင့်ကောင်းများပါ ရရှိစေသည့်အတွက် လွန်စွာတန်ဖိုးကြီးမားပါသည်။ ထိုပြင် ထပ်မံ လိုအပ်သည့် ကိန်းဂဏန်းအချက်အလက်များကို သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ချိတ်ဆက် ဆောင်ရွက်လုပ်ကိုင်ရမည်ကိုလည်း ကောင်းစွာနားလည်ခဲ့ပါသည်။

ယခုရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာအုပ်သည် လက်ရှိကာလတွင် ရရှိ ခဲ့သည့် အချက်အလက်များကို စုစည်း၍ ကောက်ယူထားခြင်းဖြစ်သော်လည်း နောင်ကာလများ တွင် ရရှိမည့် ကိန်းဂဏန်း ၊ ဒေသဆိုင်ရာအချက်အလက်များကို ထပ်မံစုစည်းထည့်သွင်းပေးခြင်းဖြင့် ပိုမိုပြည့်စုံကောင်းမွန်လာမည်မှာ ကေန်မလွဲပင်ဖြစ်ပါသည်။ လျာထားရွေးချယ်ခဲ့သည့် ဖွံ့ဖြိုးရေး လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာမည့် အားသာချက်၊ အားနည်းချက်၊ အခက်အခဲများနှင့် ရှေ့ဆက်၍ ဆောင်ရွက်ရမည့် ကျေးရွာဖွံ့ဖြိုးရေး ၊ လူမှုရေး၊ စီးပွားရေးပညာရေး၊ ကျန်းမာရေး၊ သာရေး ၊ နာရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်သွားမည် ဆိုပါက မလွဲကေန်တိုးတက်ပြောင်းလဲလာမည် ဖြစ်ပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးအစီအစဉ်အလိုက် လုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၏ အကြံပြုချက်များ၊ ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ ကျေးရွာပြည်သူများအနေဖြင့် မျှော်လင့်ပါသည်။ နောက်နောင်များတွင်လည်း ထိုကဲ့သို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အချက်အလက် အခြေအနေများကို ဆန်းစစ်သုံးသပ်ရန် နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများလည်း ရရှိမည် ဖြစ်ပါကြောင်း ယုံကြည်မိပါသည်။

ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၊ ရပ်မိရပ်ဖ နှင့် ကျေးရွာပြည်သူများပူးပေါင်း ပါဝင် ရေးဆွဲခဲ့သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာအုပ်တွင် ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်များ၊ ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝရင်းမြစ်များ ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ ၊ ကျေးရွာရှိလူမှုစီးပွားရေး အခြေအနေစသည့်အသေးစိတ်အချက်အလက်များ စနစ်တကျထည့်သွင်း ရေးဆွဲထားသဖြင့် ပေါက်ချောင်း

ကျေးရွာအတွက် အကျိုးကျေးဇူးများစွာရရှိစေမည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာအုပ်ဖြစ်ကြောင်း ယုံကြည် မိပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ပေါက်ချောင်းကျေးရွာ
တောကျောင်းကျေးရွာအုပ်စု
ပန်းတနော်မြို့နယ်

ရက်စွဲ၊၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်

# ပေါက်ချောင်းကျေးရွာ၊ သယံဇာတပြမြေပုံ



# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ၊ ပေါက်ချောင်းကျေးရွာ



## (၁) တည်နေရာနှင့်ပထဝီဝင်အနေအထား

ပန်းတနော်မြို့နယ်သည် ဧရာဝတီတိုင်းဒေသကြီး ၊ မအူပင်ခရိုင် အတွင်းတွင်ပါဝင်ပြီး မြန်မာနိုင်ငံ၏ အောက်ပိုင်းတွင် တည်ရှိပါသည်။ အကျယ်အဝန်းအားဖြင့် (၄၉၈.၅၂) ဧရိယာစတုရန်းမိုင် ကျယ်ဝန်းပြီး အရှေ့ဘက်တွင် ညောင်တုန်းမြို့နယ်နှင့်မအူပင်မြို့နယ် ၊ အနောက်ဘက်တွင် အိမ်မဲမြို့နယ်နှင့်ကျောင်းကုန်းမြို့နယ်၊ တောင်ဘက်တွင် ဝါးခယ်မမြို့နယ် ၊မြောက်ဘက်တွင် ဓနုဖြူမြို့နယ်နှင့်ကျုံပျော်မြို့နယ်တို့နှင့် နယ်နိမိတ်ခြင်း ထိစပ်လျှက်ရှိပါသည်။ ပန်းတနော်မြို့နယ်သည် အရှေ့မှ အနောက်သို့ (၁၇) မိုင် ရှိပြီး တောင်မှမြောက်သို့ (၂၇)မိုင် ရှည်လျားပါသည်။ ပန်းတနော်မြို့နယ်တွင် မြို့ပေါ်ရပ်ကွက်(၄)ရပ်ကွက် ရှိပါသည်။ ကျေးရွာအုပ်စု (၅၂) အုပ်စု ၊ ကျေးရွာပေါင်း(၄၄၉)ရွာ ရှိပါသည်။ မြေပြန့်ချိုင့်ဝှမ်း၊ မြေပြန့်လွင်ပြင်နှင့် မြစ်ချောင်းများရှိပြီး ကျန်မြို့နယ်များ၏ မြေပြန့်လွင်ပြင် မြစ်ချောင်းများနှင့်ဆက်စပ်လျက်ရှိ ပါသည်။

ပေါက်ချောင်းကျေးရွာသည်ပန်းတနော်မြို့၏အရှေ့တောင်ဘက်တွင်တည်ရှိ၍ တောကျောင်းကျေးရွာအုပ်စုတွင် ပါဝင်ပြီး ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ ပန်းတနော်မြို့နှင့် (၁၅) မိုင်ခန့်ကွာဝေးပြီးရေလမ်း၊ကုန်းလမ်းတို့ဖြင့် သွားလာပါသည်။ မိုးရာသီတွင် ရေလမ်းခရီးသာ အဓိက အသုံးပြု ဆောင်ရွက်ရပါသည်။ပတ်ဝန်းကျင်ကျေးရွာအုပ်စုများမှာ(ရေပေါ်၊ နံ့ဂါတ် ၊ ကျောင်းတော်ကလေး) အစရှိသည့် ကျေးရွာအုပ်စုများဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား၍ လုပ်ကိုင်သော ဒေသတစ်ခုလည်း ဖြစ်ပါသည်။ အခြားလုပ်ငန်းများကိုလည်း အနည်းငယ်သာ လုပ်ကိုင်သော ဒေသတစ်ခုလည်း ဖြစ်ပါသည်။

## (၂) ရာသီဥတုနှင့်သဘာဝအရင်းအမြစ်

ပန်းတနော်မြို့နယ်သည် စိုစွတ်သောရာသီဥတုရှိပြီး မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၈ မိနစ်မှ ၁၇ ဒီဂရီ ၂၃ မိနစ်ကြား၊အရှေ့လောင်ဂျီကျု ၉၅ ဒီဂရီ ၂၈ မိနစ်မှ ၉၅ ဒီဂရီ ၅၃ မိနစ်ကြားတွင် တည်ရှိပါသည်။ ပန်းတနော် မြို့နယ်သည် အမြင့်ဆုံးအပူချိန် ၂၉.၂၂ ဒီဂရီစင်တီဂရိတ် ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ဇန်နဝါရီလတွင် ၂၃.၉၇ ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။တစ်နှစ်ပတ်လုံးအနေဖြင့် ပျမ်းမျှမိုးရွာသွန်းရက်(၁၀၈) ရက် ရှိပြီး ပျမ်းမျှမိုးရေချိန်မှာ (၈၈.၁၉) လက်မ ဖြစ်ပါသည်။ မိုးအများဆုံးရွာသွန်းသောလမှာ ဇူလိုင်နှင့်ဩဂုတ်လ တို့ဖြစ်ပါသည်။

ပန်းတနော်မြို့နယ်သည် မြစ်ချောင်းများပေါများသည့် ဒေသတစ်ခုဖြစ်ပြီး ထင်ရှားသည့် မြစ်ချောင်း မှာ ရေဝတီမြစ် ဖြစ်ပါသည်။ မြစ်ချောင်းအများစုမှာ ရေချိုများဖြစ်၍ စိုက်ပျိုးရေ၊ သောက်သုံးရေ စသည်ဖြင့်အသုံးပြုနိုင်ပြီး သင်္ဘော၊ စက်လှေများလည်း သွားလာနိုင် သော မြစ်များဖြစ်ပါသည်။ ဓါတ်သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်များ ထွက်ရှိမှုမှာ သဲကို ချောင်းမြောင်း များတွင် ထုတ်ယူနိုင်ပါသည်။

ပေါက်ချောင်းကျေးရွာတွင် လယ်မြေ (၆)ကေနှင့်ဥယျာဉ်ခြံ(၇၁.၅၊ကိုင်းကျွန်း(၇၈)ကေ ရှိပြီး စုစုပေါင်း မြေ (၁၅၅.၅)ကေ ရှိပါသည်။ ကျေးရွာတွင် ကွမ်းကို အဓိက စိုက်ပျိုးကြပြီး ၊ ရာသီအလိုက် ဂျုတ်၊ ပြောင်း စသည့် အခြားသီးနှံများကိုလည်း စိုက်ပျိုးကြပါသည်။ တောင်သူအားလုံးမှာ မြစ်ရေဖြင့် (၁၅၅.၅)ကေနှင့် အဝီစိတွင်းရေဖြင့် မြေကေ(၇၁.၅) ခန့်ကို ရေသွင်း စိုက်ပျိုးကြပါသည်။ ကျန်းမာရေး အတွက် အထောက်အကူ ဖြစ်စေသော ဆေးဘက်ဝင်အပင်များဖြစ်သည့် ဘုန်းမသိမ်၊ လောက်သေ၊ ပွေးကိုင်း၊ ဆင်တုန်းမနွယ်၊ကုန်းဗေဒါ၊ကြိတ်မှန်ရွက်၊ ကုလား ပင်စိမ်းတို့ ပေါက်ရောက် ပါသည်။

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရသော အဖွဲ့အစည်းဟူ၍ သီးသန့် ဖွဲ့စည်းထားခြင်းမရှိသော်လည်း ကျေးရွာရှိပြည်သူများ စုစည်းအားဖြင့် ကျေးရွာတွင်းရှိဖွံ့ဖြိုးရေး လုပ်ငန်းကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာရှိ ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ သာရေး / နာရေး ၊ ပညာရေး ၊ ဖွံ့ဖြိုးရေး ၊ မီးဘေး ၊ အမျိုးသမီးရေးရာ နှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အဖွဲ့အစည်းများ ဖွဲ့စည်းထားရှိပြီး အဖွဲ့အစည်းများ၏ စွမ်းဆောင်နိုင်မှုမှာအားကောင်းပါသည်။ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကိုလည်း ဖွဲ့စည်းဆောင်ရွက်ကာ အစိုးရဌာနများ ၊ ပြည်တွင်းပြည်ပအစိုးရ မဟုတ်သောအဖွဲ့အစည်းများ၊ အလှူရှင်များနှင့်ချိတ်ဆက်ကာ ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမို ကောင်းမွန်စေရန် များစွာအထောက်အကူပြုနိုင်ပါသည်။

## ၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ပေါက်ချောင်းကျေးရွာတွင် (၂.၅) ဧက အောက် ပိုင်ဆိုင်သော ဆင်းရဲသားတောင်သူ (၂၂) အိမ်ထောင်စု၊ (၂.၅) ဧကမှ (၅) ဧကအထိ ပိုင်ဆိုင်သော တောင်သူငယ် (၄၀) အိမ်ထောင်စု၊ (၅) ဧကမှ (၁၂.၅) ဧကအထိ ပိုင်ဆိုင်သော တောင်သူငယ် (၁၀) အိမ်ထောင်စု၊ (၁၂.၅) ဧကထက် ပိုင်ဆိုင်သော တောင်သူကြီး (၅) အိမ်ထောင်စုရှိကြပြီး လယ်မြေ နှင့် ဥယျာဉ်ခြံမြေဧက ပိုင်ဆိုင်သော တောင်သူလယ်သမား အိမ်ထောင်စုများသည် အများအားဖြင့် ကွမ်း စိုက်ပျိုးထုတ်လုပ်ခြင်းကို အဓိကထား လုပ်ကိုင်ကြပြီး ရော်ဘာ၊ပြောင်း အစရှိသည့် အခြားသီးနှံ များကိုရာသီပေါ်အဖြစ် စိုက်ပျိုးထုတ်လုပ်ကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများမှာ အများစု အနေဖြင့် နေ့စား/ကျပန်း အလုပ်ကိုသာ အဓိကထား လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးမှာ မြစ်ရေနှင့်အဝီစိတွင်းမှ ရရှိသော ရေကို အဓိကထား၍ အသုံးပြုကြပြီး ကိုင်းကျွန်းမြေများတွင် မြစ်ရေ ၊ အဝီစိရေများနှင့် ဝေးကွာသည့် အတွက် ရေလုံလောက်စွာ မရသည့် အတွက် သီးနှံအထွက်နှုန်းမှာ (၅၀) ရာခိုင်နှုန်းလောက်သာ ရရှိပါသည်။ ကျေးရွာရှိ စိုက်ပျိုးတောင်သူများတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်စက်(၃)စီး ၊ ခြွေလှေ့စက် (၃)စီး ၊ ရေစုပ်စက်(၉၆)လုံး ရှိပြီး ငှားရမ်းလုပ်ကိုင်ကြသော တောင်သူများလည်း ရှိပါသည်။ ဓါတ်မြေသြဇာနှင့် အခြားဓါတုဗေဒ သွင်းအားစုများ၊သီးနှံမျိုးစေ့များကို ရွှေလောင်းဈေးတွင် ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့်ဝန်ဆောင်မှုတွင် တောင်သူကိုယ်တိုင်သော်လည်းကောင်း၊ကုန်သည်ပွဲစားများမှ တဆင့်သော်လည်းကောင်း ရောင်းချကြပါသည်။ မိုးတွင်းကာလတွင် ရေနက်ကွင်း ကိုင်းမြေများ ဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ခြင်း မရှိပါ။ စိုက်ပျိုး ထုတ်လုပ်ခြင်းကို ဦးစားပေး ဆောင်ရွက်သော ကျေးရွာတစ်ခု ဖြစ်ပြီး သဘာဝအရင်းအမြစ်များပေါ်များသည့် အလျောက် အကျိုးအမြတ်များပိုမို ဖြစ်ထွန်းရန်အတွက်အကျိုးအမြတ် ပိုမိုရရှိရေး ရာသီဥတုမရွေး စိုက်ပျိုးနိုင်သည့် အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်ရရှိရေး ဈေးကွက်အတွင်း အဆင့်မီ ရောင်းချနိုင်သည်အထိ တိုးတက်ထုတ်လုပ်နိုင်သည့် နည်းလမ်းများကို ရှာဖွေ အားထုတ် ရမည် ဖြစ်ပါသည်။

ပေါက်ချောင်းကျေးရွာသည် မြို့နယ်နှင့် အလှမ်းကွာဝေးသဖြင့် စိုက်ပျိုးထုတ်လုပ်ရေး အတွက် ဝန်ဆောင်မှုများရရှိရန်ခက်ခဲပြီး စိုက်ပျိုးရေးနည်းပညာနှင့် ဝန်ဆောင်မှုများလွယ်ကူစွာ ရရှိနိုင်ပါက သီးနှံအထွက်နှုန်းမှာ ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ပေါက်ချောင်းကျေးရွာတွင် တစ်ပိုင်တစ်နိုင် မွေးမြူရေး အဖြစ် ဝက်မွေးမြူသည့် အိမ်ထောင်စု (၈)အိမ်ရှိပြီး ဝက်ကောင်ရေ (၁၆) ကောင် ၊ ကြက်မွေးမြူသည့်အိမ်ထောင်စု (၂၇)အိမ် ရှိပြီး ကြက်ကောင်ရေ(၂၁၅)ကောင်၊ ဘဲမွေးမြူသည့် အိမ်ထောင်စု(၁၁)အိမ်ရှိပြီး ဘဲကောင်ရေ(၃၀)ကောင် ၊ ဆိတ်မွေးမြူသည့် အိမ်ထောင်စု(၁)အိမ်ရှိပြီး ဆိတ်ကောင်ရေ(၂)ကောင်မွေးမြူကြပါသည်။ ကျေးရွာတွင်မွေးမြူရေးလုပ်ငန်းများအတွက်နည်းပညာနှင့် ရောဂါ ကာကွယ်ရေး၊ ကုသရေး အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးပါက စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းများကို တွင်ကျယ်စွာ လုပ်ကိုင်လာနိုင်မည်ဖြစ်ပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ**

ပေါက်ချောင်းကျေးရွာတွင် စိုက်ပျိုးရေး ၊ မွေးမြူရေးမဟုတ်ဘဲ အခြားလုပ်ငန်း လုပ်ကိုင်သူများမှာ ဈေးဆိုင် ၊ အရောင်းအဝယ်၊ ဆံပင်ညှပ်၊ ပန်းရံ ၊ လက်သမား၊ ဆိုင်ကယ်ကယ်ရီလိုက်ခြင်း ၊ နှင့် အခြားကျပန်းလုပ်ငန်းများ လုပ်ကိုင်ကြပြီး ပြင်ပသို့သွားရောက်လုပ်ကိုင်သူများ လည်းရှိပါသည်။ နေ့စားလုပ်ကိုင်သူများ အနေဖြင့် တစ်နေ့လုပ်အားခ ကျား(၅၀၀၀/-)ကျပ်၊ မ(၅၀၀၀/-) ကျပ် ရရှိကြပါသည်။ ကျပန်းလုပ်သားများအနေဖြင့် အားလပ်သော အချိန်များတွင် ဝင်ငွေရ လုပ်ငန်း လုပ်ကိုင်နိုင်ရန် စိတ်အားထက်သန် နေကြပြီး နည်းပညာနှင့်ငွေကြေးအရင်းအနှီးလိုအပ်မှုများ ရှိနေပါသည်။ လုပ်ငန်း နှင့် သင့်လျော်သော ထုတ်ချေးငွေရရှိပါက စက်လှေ/ထော်လာဂျီဝယ်ယူ၍ ကုန်စည်များပို့လိုခြင်း၊ တစ်ပိုင်တစ်နိုင် လက်မှုလုပ်ငန်းများ ၊ ခေါင်းရွက်ဗျက်ထိုးလုပ်ကိုင်လိုခြင်း၊ အိမ်ဆိုင်ဖွင့်လိုခြင်းနှင့် အခြား ဝန်ဆောင်မှု လုပ်ငန်းများ ( ဆံပင်ညှပ် ၊ ဆိုင်ကယ်ပြင် ) လုပ်ကိုင်လိုကြပါသည်။လယ်ယာသားငါးထွက်ကုန် ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းကြပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် ငွေချေးရန် အရင်းအမြစ်များမှာ သမဝါယမဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့်အခြားအဖွဲ့စည်းများပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်ယာမြေပိုင်ဆိုင်သူများကိုသာထုတ်ချေးပြီး တစ်ဧကလျှင် (၁၀၀၀၀၀ိ/-) ကျပ်နှုန်း ထုတ်ချေးပေးပါသည်။ အများဆုံး ထုတ်ချေးသည့် ဧကမှာ (၁၀) ဧက အတွက် အများဆုံး ကျပ်သိန်း (၁၀၀၀၀၀ိ/-) သိန်း ဖြစ်ပါသည်။ အတိုးနှုန်း မှာ (၀.၇) ကျပ် ဖြစ်ပြီး ထုတ်ချေးသည့် ကာလမှာ (၇) လသာ ဖြစ်ပါသည်။ လယ်သမားများအနေဖြင့် တစ်ဧက ကုန်ကျစရိတ်မှာ (၂) သိန်းကျပ်ခန့် ကုန်ကျသော ကြောင့် သွင်းအားစုများနေပြီး ချေးငွေသည် လုပ်ငန်းလုပ်ကိုင်ရန် အပြည့်အဝ အထောက်အကူ မပြုနိုင်ပါ။

ပေါက်ချောင်းကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် အခြား ဝင်ငွေရလုပ်ငန်းများအတွက် လုံလောက်သောချေးငွေများရရှိမှုကလည်း အဓိကဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်အနေဖြင့် စပါးသီးနှံ(ကာတိုချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် အခြား သီးနှံစိုက်ပျိုးရေးတောင်သူများအတွက်လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။ တောင်သူအများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများနှင့်ချိတ်ဆက် လုပ်ဆောင်နေကြပါသည်။ ကျေးရွာသူ/ကျေးရွာသား များလိုအပ်သော ချေးငွေများထုတ်ချေးပေး နိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျော့ချပြီး ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့်ပါသည်။

ပက်-မြန်မာ၊ ဝန်ဆောင်မှုအဖွဲ့ဖြင့် ကျေးရွာတွင် အကောင်အထည်ဖော် နေသည်မှာ (၃)နှစ် ခန့်ရှိပြီ ဖြစ်ပြီး စိုက်ပျိုးရေးချေးငွေနှင့်ကျပန်းများအား ချေးသည့် အမျိုးအစား (၂)မျိုး ရှိပါသည်။ စိုက်ပျိုးရေးချေးငွေအဖြစ် ပထမအကြိမ်တွင် (၂၀၀၀၀၀/-)ကျပ်ဖြစ်ပြီး ရိုးရိုး ချေးငွေမှာ(၈၀၀၀၀/-) ကျပ် ဖြစ်ပါသည်။ စိုက်ပျိုးရေးချေးငွေရရှိရန် ပုံစံ(၇) လိုအပ်ပြီး ကျပန်း မိသားစုများ အနေဖြင့် ငွေချေးရန် အခက်အခဲ ရှိနေပါသည်။ အဘယ့်ကြောင့်ဆိုသော် ပြန်လည် ပေးဆပ်ရသည့် ပုံစံမှာ (၂)ပတ်လျှင်(၁)ကြိမ် ပြန်လည်ပေးဆပ်ရခြင်း၊ပုံမှန်ဝင်ငွေရလုပ်ငန်းများ မရှိခြင်း၊ ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်ရန် အသက်မွေးဝမ်းကျောင်းပညာများ မရှိခြင်း တို့ကြောင့် ဖြစ်ပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

### (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ပေါက်ချောင်းကျေးရွာသည် ပန်းတနော်မြို့၏ အရှေ့တောင်ဘက်တွင် တည်ရှိပြီး ပန်းတနော်မြို့ ပုသိမ်-ရန်ကုန်ကားလမ်းမကြီးမှ (၁၅)မိုင်ခန့် ကွာဝေးပါသည်။ ပန်းတနော်မြို့သို့ ကုန်းလမ်း၊ ရေလမ်းတို့ဖြင့် သွားလာကြ ပါသည်။ မိုးရာသီကာလတွင် ရေလမ်းကိုသာ အဓိက အသုံးပြု ဆောင်ရွက်ရပါသည်။ ပို့ဆောင်ဆက်သွယ်ရေးယာဉ်များအဖြစ် လှေ(၆၂)စီး ၊ စက်လှေ(၇)စီး ၊ စက်ဘီး(၅၄)စီး၊ ထော်လာဂျီ(၈)စီး နှင့် မော်တော်ဆိုင်ကယ်(၅၂) စီး၊ကား(၃)ဦး တို့ဖြင့် အသုံးပြုကြပါသည်။

ကျေးရွာရှိလမ်းများမှာ မြေသားလမ်းဖြစ်သောကြောင့် ပွင့်လင်းရာသီတွင်သာ သွားလာရလွယ်ကူ အဆင်ပြေပါသည်။ ရွာတွင်းလမ်းအား မြေသားတိုးချဲ့ပြုပြင်ခြင်း လုပ်ငန်းများကို ကျေးရွာမှကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်ထားရှိလျှက်ရှိပါသည်။

### (ခ) ကျေးရွာမီးလင်းရေး

ပေါက်ချောင်းကျေးရွာနေအိမ်ထောင်စုများမှာ ဆိုလာ၊ ဖယောင်းတိုင်၊ မီးခွက်၊ မီး တို့ကို အသုံးပြုကြပါသည်။ ကျေးရွာနေ ပြည်သူအများစုမှာ မီးလင်းရေးအတွက် ကိုယ်ပိုင်ဆိုလာ ၊ ဘတ္တရီငှားရမ်းအသုံးပြုမှု၊ ဖယောင်းတိုင်နှင့် ရေနံဆီမီးခွက်တို့ကို အသုံးပြုလျှက်ရှိပါသည်။ မဟာဓါတ်အားလိုင်းရရှိရန် အလှမ်းကွာဝေးခြင်း ၊ ကုန်ကျစရိတ်များသောကြောင့် လျှပ်စစ်မီး သွယ်တန်းခြင်းလုပ်ငန်းမှာ ကြန့်ကြာနိုင်သေးပါသည်။ လျှပ်စစ်မီး သွယ်တန်းခြင်း လုပ်ငန်း ဆောင်ရွက်မည် ဆိုပါက ပိုမိုဖွံ့ဖြိုး တိုးတက်လာနိုင်မည်ဖြစ်ပါပြီး ကျေးရွာလူထုမှလည်း စိတ်ဝင်စားကြပါသည်။

### (ဂ) သတင်းနှင့်ဆက်သွယ်ရေး

ပေါက်ချောင်းကျေးရွာတွင် မုန်တိုင်းသတင်း၊ ငလျင်သတင်းနှင့် အခြား သာရေး၊ နာရေး သတင်းများရရှိရန် ရေဒီယိုအစီအစဉ်များ နားထောင်ခြင်း ၊ တီဗွီသတင်းစောင့်ကြည့်ခြင်း၊ စလောင်းဖွင့်ကြည့်ခြင်း၊ ဖုန်းအင်တာနက်အွန်လိုင်းအသုံးပြုခြင်း စသည်တို့ဖြင့် သတင်းအဆက် အသွယ်နှင့် နည်းပညာရရှိကြပါသည်။ ကျေးရွာ၌ ဖုန်းအင်တာ နက်လိုင်းများ ရရှိသဖြင့် ဆက်သွယ်ရေး အသုံးပြုရာတွင် အဆင်ပြေလွယ်ကူမှုရှိပါပြီး အခက်အခဲများ အထူးတလည် မရှိပါ။

## (၆) ပညာရေး

ပေါက်ချောင်းကျေးရွာ၌မူလတန်းကျောင်း(၁)ကျောင်း တည်ရှိပါသည်။ကျောင်းမှာ အုတ်ညှပ်သွပ်မိုး အမျိုးအစားဖြစ်ပြီး အသင့်အတင့်ကောင်းမွန်သော်လည်း ပြုပြင်ရန် လိုအပ်လျက် ရှိပါသည်။ ကျောင်းဆောင်သစ်များ ဆောက်လုပ်ရန် လိုအပ်ပါသည်။ ကျောင်းတွင် စာရေးခုံ စားပွဲ၊ ကုလားထိုင်၊ ပရိဘောဂများလုံလောက်မှုမရှိသောကြောင့် ကျောင်းသား / သူများ စာသင်ကြားရာတွင် အခက်အခဲ ရှိပါသည်။ ကျောင်း၌ ဆရာ/ဆရာမ မ(၃)ဦး သာ ရှိပါသည်။ ကျောင်းသားနှင့်ဆရာ/ ဆရာမအချိုးမှာ(၄၀း၁)အထက်ရှိသဖြင့် ဆရာ / ဆရာမလုံလောက် မှုမရှိပါ။ ကျောင်းတွင် အာဟာရ တိုက်ကျွေးမှုအနေဖြင့် ရွာမှဖြစ်စေ ဆရာ/မများမှဖြစ်စေ အလှူရှင် ရှိပါကလည်း တိုက်ကျွေး ဖြစ်ပါသည်။

ပေါက်ချောင်းကျေးရွာတွင် မူလတန်းအဆင့်ကျောင်းနေသူ(၃၇)ဦး ၊ အလယ်တန်းအဆင့်ကျောင်းနေသူ(၁၆)ဦး၊ အထက်တန်းအဆင့်ကျောင်းနေသူ(၃)ဦး ရှိပါသည်။ စာတက်မြောက်မှုနှုန်းအနေဖြင့် မူလတန်းအဆင့်(၁၉၀)ဦး ၊ အလယ်တန်းအဆင့် (၉၇)ဦး ၊ အထက်တန်းအဆင့် (၄၅)ဦး ၊ တက္ကသိုလ်/ ကောလိပ် အဆင့်(၁၁)ဦးပြီး ကျေးရွာလူဦးရေ၏ စုစုပေါင်း (၃၈၀) ဦး ရှိသည့်အနက် ကျောင်းနေရွယ်မဟုတ်သည့် ဦးရေ(၃၄)ဦး ရှိကာ ကျေးရွာ၏စာတတ်မြောက်မှုဦးရေ ရာခိုင်နှုန်းမှာ (၉၉%) ခန့် ရှိပါသည်။

ကျေးရွာတွင် (၃)နှစ်အထက် ကလေးများကို မူကြိုအဆင့် သင်ကြားပေးနေပြီး မူကြိုကျောင်းဆောင် လိုအပ်နေပါသည်။ ကလေးများကစားရန်အတွက် သက်သာသောကစားကွင်းတစ်ခု လိုအပ်နေပါသည်။ ကျောင်းသား/သူများ အတွက် သောက်သုံးရေအတွက် အခက်အခဲ ရှိပြီး ဂါလံ (၃၀၀၀)ဆံ့ မိုးရေလှောင်ကန် (၁)ကန် တည်ဆောက်နိုင်ပါက တစ်နှစ်ပတ်လုံးသောက်ရေဖူလုံနိုင်မည် ဖြစ်ပါသည်။

## (၇) ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

တောကျောင်းကျေးရွာအုပ်စု၊ ပေါက်ချောင်းကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ ပန်းတနော်မြို့နယ်နှင့်အလှမ်းကွာဝေးသဖြင့် နေထိုင်မကောင်းဖြစ်ပါကာ အနီးစပ်ဆုံး ကျေးလက်ကျန်းမာရေးဌာန ရှိသည့် တောကျောင်းကျေးရွာသို့ သွားရောက်ပြီး အရေးပေါ် အခြေအနေများတွင် ပန်းတနော်မြို့နယ်ဆေးရုံများသို့ သွားရောက်ကုသကြရပြီး ကျေးရွာအတွင်း ဝမ်းပျက်ဝမ်းလျှော၊

သွေးလွန်တုပ်ကွေး ၊ ဖျားနာခြင်း ၊ သွေးတိုး ၊ ဆီးချို ၊ငှက်ဖျား ၊ အသည်းရောဂါ(ဘီ၊စီ) စသည့် ရောဂါများအနည်းငယ် ဖြစ်ပွားလေ့ရှိပါသည်။

ကျေးရွာအား ကျန်းမာရေး အသိပညာပေးခြင်းများ၊ တစ်ကိုယ်ရေကျန်းမာရေး ပညာပေးများ ဆောင်ရွက်ခြင်းဖြင့် ယခုထက်ပိုမို ကောင်းမွန်သော ကျန်းမာပျော်ရွှင်သော ကျေးရွာတစ်ရွာ ဖြစ်လာမည် ဖြစ်ပါသည်။

ကျေးရွာရှိ ရေသုံးစွဲမှုမှာ အိမ်ထောင်စုများ အနေဖြင့် အဝီစိတွင်း ကို အဓိက အသုံးပြုကြပြီး မြစ်/ချောင်းရေကိုလည်း အသုံးပြုကြပါသည်။ အိမ်ထောင်စုများမှာ အဝီစိတွင်းစက်တပ်/တုံကင်နှင့် ရေတွင်းတို့မှ ရယူသုံးစွဲကြပြီး ရေအရည်အသွေးစမ်းသပ်စစ်ဆေးမှုမရှိသဖြင့် သန့်ရှင်း/ လုံလောက်မှုမှာ အသင့်အတင့် သာရှိသဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ရပါသည်။ စိုက်ပျိုးရေအဖြစ် မြစ်/ချောင်းရေနှင့် အဝီစိကို ရာသီမရွေး သုံးစွဲနိုင်ပါသည် ။ ကျေးရွာအတွက် သန့်ရှင်းသော သောက်သုံးရေအတွက် ရေသန့်စင်စနစ် လိုအပ်လျက် ရှိပါသည်။ ပေါက်ချောင်းကျေးရွာ၌ အမှိုက်သရိုက်များ ကို ပုံမှန်သန့်ရှင်းရေးပြုလုပ်သော်လည်း စုပေါင်းလုပ်ဆောင်မှုအားနည်းခြင်း ၊ စည်းစနစ်ကျနစွာ လုပ်ဆောင်မှုရှိမည် ဆိုပါက သန့်ရှင်းသာယာသော ကျေးရွာဖြစ်ပါသည်။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၉၈) အိမ်ထောင်စု ရှိပြီး ရေလောင်း/ ယင်လုံအိမ်သာ ကိုအများဆုံး အသုံးပြုကြပြီး အိမ်သာမရှိသောအိမ်ထောင်စုများ မရှိပါ။ သန့်ရှင်းသောရေလောင်း/ ယင်လုံအိမ်သာ သုံးစွဲမှု အသိပညာလိုအပ်ပါသည်။

**(၈) ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ပေါက်ချောင်းကျေးရွာရှိ သဘာဝဘေးအန္တရာယ်အနေဖြင့် မိုးဦးကာလတွင် မုန်တိုင်းကျရောက်ခြင်း ရေကြီးရေလျှံခြင်းအနည်းငယ် ဖြစ်ပေါ်တတ်ပြီး လျှပ်စီးလက်ခြင်းလည်း ရံဖန်ရံခါ ဖြစ်ပေါ်တတ်ပြီး ကမ်းပါးပြိုခြင်း ကို အဓိကထား ကြုံတွေ့နေရပါသည်။ တီဗီ၊ ရေဒီယို၊ ဖုန်းအစရှိသည်တို့မှလည်း သဘာဝဘေးအန္တရာယ် သတင်းအချက်အလက်များရရှိပြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအစဉ်များပြုလုပ်ထားရှိမှု အားနည်းလျက်ရှိပါသည်။

ပေါက်ချောင်းကျေးရွာတွင် သဘာဝဆေးဖက်ဝင်အပင်များနှင့်သဘာဝတိရိစ္ဆာန်မျိုးစိတ်များ အနည်းငယ် ရှိပြီး အိမ်ထောင်စုများမှ ချက်ပြုတ်စားသောက်ရန် ထင်းများခုတ်ယူသဖြင့် သစ်တောပြုန်းတီးမှုများ အနည်းငယ် ဖြစ်ပေါ်ပါသည်။

**(စ) ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ**

ပေါက်ချောင်းကျေးရွာတွင် လူဦးရေ(၃၈၀) ဦးရှိသည့် အနက် အမျိုးသားဦးရေ (၁၈၅)ဦး နှင့် အမျိုးသမီးဦးရေ(၁၉၅)ဦး ဖြစ်ပါသည်။ ကျား၊မလူဦးရေ ရာခိုင်နှုန်းမှာ ကျား(၄၈%)၊ မ(၅၂%) ကျေးရွာတွင် ကျားမလူဦးရေ မျှတလျှက်ရှိပါသည်။

လယ်ယာလုပ်ငန်းလုပ်ကိုင်ချိန်တွင် လုပ်ခလစာအနေဖြင့် နေ့စားအမျိုးသားတစ်ဦးလျှင် (၅၀၀၀)နှုန်းရရှိပြီး၊ နေ့စားအမျိုးသမီးတစ်ဦးလျှင်(၅၀၀၀)နှုန်းခန့် ရရှိပါသည်။ ဆောက်လုပ်ရေး၊ လက်သမားနှင့်ပန်းရံ နေ့စားအမျိုးသားတစ်ဦးလျှင်(အများဆုံး/အနည်းဆုံး) (၂၀၀၀၀-၈၀၀၀)နှုန်း ရရှိကြပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးလုပ်ဆောင်နေသော အဖွဲ့အစည်းများတွင် အမျိုးသမီး ရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့အစည်းများရှိသော်လည်း ရပ်ရေးရွာရေး ကိစ္စများ တွင်ပါဝင်ဆောင်ရွက်မှုအားနည်းနေပါသည်။

## ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ပေါက်ချောင်းကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ကျေးရွာအလိုက် ဦးစားပေးစီမံချက်များ စာရင်း

| စဉ် | ကျေးရွာ | ကဏ္ဍအမည် | စီမံချက် | ဦးစားပေးအဆင့် | အကောင်အထည်ဖော်ဆောင်ရွက်မည့်အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ပေါက်ချောင်း | အခြေခံအဆောက်အဦ | ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်း | ၁ | ကျေးလက်ဦးစီး/ကျေးရွာ | |
| ၂ | ပေါက်ချောင်း | မီးလင်းရေး | လျှပ်စစ်မီးလင်းရေးလုပ်ငန်းဆောင်ရွက်ခြင်း | ၂ | လျှပ်စစ်/ကျေးရွာ | |
| ၃ | ပေါက်ချောင်း | ကျန်းမာရေး | ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း | ၃ | ကျန်းမာရေး/ကျေးရွာ | |
| ၄ | ပေါက်ချောင်း | ပညာရေး | စာသင်ကျောင်းဆောင်သစ်တိုးချဲ့တည်ဆောက်ခြင်း | ၄ | ပညာရေး/ကျေးရွာ | |
| ၅ | ပေါက်ချောင်း | ငွေကြေးနှင့်ရင်းနှီးမြှုပ်နှံမှု | မတည်လည်ပတ်ရန်ပုံငွေရရှိလိုခြင်း | ၅ | ကျေးလက်ဦးစီး/ကျေးရွာ | |

ပန်းတနော်မြို့နယ်၊တောကျောင်းကျေးရွာအုပ်စု၊ပေါက်ချောင်းကျေးရွာ

# ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးသိန်းစိုးအောင် | ဦးဘိတ် | ၁၄/ပတန(နိုင်)၀၁၄၉၁၄ | ၅၄ | ဥက္ကဌ | ၀၉-၆၉၄၉၁၇၀၂၂ |
| ၂ | ဦးစောနေမျိုး | ဦးစိန်အေး | ၁၄/ပတန(နိုင်)၁၄၃၆၆၈ | ၃၇ | ဥက္ကဌ(ဝယ်ယူရေးဆပ်ကော်မတီ) | ၀၉-၆၇၉၇၆၆၀၈၀ |
| ၃ | ဦးနေအောင် | ဦးစိန်လှိုင်ကြည် | ၁၄/ပတန(နိုင်)၁၇၅၀၄၃ | ၃၁ | ဘဏ္ဍာရေးမှူး(ပ်ကော်မတီဝယ်ယူရေးဆ) | ၀၉-၆၆၄၂၆၈၈၉၀ |
| ၄ | နမ့်သင်းလဲ့လဲ့ဦး | ဦးကျော်လင်းအောင် | ၁၄/ပတန(နိုင်)၂၂၂၉၂၃ | ၂၀ | စာရင်းကိုင်(ဝယ်ယူရေးဆပ်ကော်မတီ) | ၀၉-၆၆၇၂၄၁၃၈၁ |
| ၅ | ဒေါ်ကြည်ကြည်ဝင်း | ဦးလှတင် | ၁၄/ပတန(နိုင်)၀၇၀၉၆၀ | ၅၆ | အဖွဲ့ဝင် | ၀၉-၆၉၈၁၁၇၇၀၄ |
| ၆ | စကောင်းထက်ပိုင် | ဦးထွန်းကျင် | ၁၄/ပတန(နိုင်)၂၂၂၉၀၆ | ၂၀ | အဖွဲ့ဝင် | ၀၉-၆၈၁၈၂၄၅၇၆ |
| ၇ | ဒေါ်ဝင်းထိပ်ထား | ဦးကျော်အံ့ | ၁၄/ပတန(နိုင်)၁၁၁၀၅၈ | ၄၅ | အဖွဲ့ဝင် | ၀၉-၆၇၀၂၀၃၃၈၆ |
| ၈ | ဦးကျော်ဝင်းသိန်း | ဦးချစ်လှိုင် | ၁၄/ပတန(နိုင်)၀၁၄၉၅၉ | ၅၄ | အဖွဲ့ဝင် | ၀၉-၆၈၇၉၈၃၀၄၆ |
| ၉ | နမ့်ဝေဝေဖြိုး | ဦးအောင်ထွေးကြည် | ၁၄/ပတန(နိုင်)၁၇၅၉၂၆ | ၂၇ | အတွင်းရေးမှူး | ၀၉-၆၅၀၂၈၉၂၂၇ |

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၅ | ၃ | ၈ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၁ | ၁၅ | ၂၆ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၃ | ၁၀ | ၂၃ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၃ | ၁၆ | ၂၉ | ၁ | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၃၈ | ၁၄၂ | ၂၈၀ | ၂ | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၅ | ၉ | ၁၄ | | |
| စုစုပေါင်း | | ၁၈၅ | ၁၉၅ | ၃၈၀ | ၃ | |
| စုစုပေါင်း အိမ်ထောင်စု | | ၉၈ | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁)နှစ်မပြည့်မီအရွယ် ၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ပေါက်ချောင်းကျေးရွာတွင် အိမ်ခြေ(၉၈) ရှိပြီး လူဦးရေမှာ (၃၈၀) ယောက် ရှိပြီးကျား(၁၈၅)၊ မ(၁၉၅)ဦး ရှိပါသည်။ ကျေးရွာလူဦးရေစာရင်း ကောက်ယူမှုအရ အလုပ်မလုပ်နိုင်သော လူဦးရေမှာ(၂၆.၄%)ဖြစ်ပြီး အလုပ်လုပ်နိုင်သော လူဦးရေစုစုပေါင်း၏ (၇၃.၆၀%) ရှိသောကြောင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုသည် ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ ဖြစ်စေပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုချောစွာဖတ်ပြီးမှန်ရာ<u>တစ်ခု</u><u>ကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၇၃ | ၂၅၅ | ၁၂ | ၁၁၁ | ၁၁၄ | ၂ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၁ | ၅၁ | ၅ | ၂၉ | ၂၂ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင် | | | | | | | မြင့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို ေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | လုပ်ငန်း | | | | | | | လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင် | | | | | | | မြင့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | လုပ်ငန်း | | | | | | | လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၁၀ | | ၅ | ၅ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို ေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | | | | | | | | ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | ☒ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုဖော်ပြချက်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | | | | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | စုစုပေါင်း | ၉၈ | ၂၈၆ | ၁၇ | ၁၄၅ | ၁၄၁ | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်းမပြုရပါ။**"ရပ်တည်နိုင်မှု(နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ(သို့မဟုတ်) အလုပ်သမား / ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများ အတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါကအဆိုပါ လုပ်ငန်းတွင် ကိုယ်ပိုင် လုပ်ငန်းတစ်ခု လုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ပေါက်ချောင်းကျေးရွာတွင်ကျေးရွာ၏လူဦးရေကောက်ယူမှုစာရင်းအရကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအပြင် ၊ ကျပန်းအလုပ်လုပ်ကိုင်သူများရှိပြီးအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းတွင် အဓိက လုပ်ကိုင်ကြကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ | နေ့စား | | | | |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | ထုတ်လုပ်ခြင်း | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၂၀၀၀၀၀ | - | ၈၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**
**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**
**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။ ။ ပေါက်ချောင်း**ကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုသာအဓိက လုပ်ဆောင်ကြပြီး ယောကျ်ားလေးများ၏ အများဆုံးတစ်နေ့လုပ်အားခမှာ ၅၀၀၀ ကျပ်ဖြစ်ပြီး အနည်းဆုံး တစ်နေ့လုပ်အားခမှာ ၄၀၀၀ကျပ်ဖြစ်ပါသည်။ မိန်းကလေးများ၏ အများဆုံးတစ်နေ့လုပ်အားခမှာ ၅၀၀၀ကျပ်ဖြစ်၍ အနည်းဆုံးတစ်နေ့လုပ်အားခမှာ၄၀၀၀ကျပ်ဖြစ်ပါသည်။ လက်သမားပန်းရံလုပ်ငန်းများမှာလည်း ကျွမ်းကျင်လုပ်သား**အနေဖြင့်လုပ်အားခ၂၀၀၀၀ကျပ်ဖြစ်၍** နေ့စားလုပ်ကိုင်သူများရှိပြီး လုပ်ခအားနှုန်းထားများအား ကျား/မအလိုက် ခွဲခြား သတ်မှတ်ပေးထားကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၆ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၇၁.၅ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၇၈ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၁၅၅.၅ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင် သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ပေါက်ချောင်းကျေးရွာတွင် လယ်မြေပိုင်ဆိုင်သောသူများမှာ အနည်းငယ်သာရှိပြီး ၎င်း လယ်မြေများသည် မြေဆီလွှာအသင့် အတင့် ကောင်းမွန်ပါသည်။ ကျေးရွာ၏ အဓိကအနေဖြင့် ကွမ်းစိုက်ပျိုးခြင်းကို စိုက်ပျိုးပြီး ကိုင်းသီးနှံများလည်း စိုက်ပျိုးကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ–၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | ☒ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ – မြေအောက်ရေ | များ ☐ သင့်☑ နည်း ☐ | လွယ် ☐ ခက်☑ | လျော့ ☐ တိုး ☐ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| (တွင်းတိမ်၊တွင်းနက်၊ လက်တူးတွင်း) | မရှိ ☐ | အသုံးမပြုနိုင်ပါ ☐ | အပြောင်းအလဲမရှိ ☑ |
| သစ်တော - အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော - ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

**ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။ ။** ပေါက်ချောင်းကျေးရွာတွင်ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ ၊ ကျောက်ခဲ ၊ ကျောက်စရစ်များမထွက်ရှိဘဲ **သဲတစ်မျိုးသား ထွက်ရှိပါသည်။** ဆေးဘက်ဝင်အပင်များအနည်းအကျဉ်းရှိသော်လည်း အသုံးပြုမှုနည်းပါး ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိေ ောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | **များ** | **အသင့်အတင့်** | **နည်း** | အလွန်နည်း (သို့) မရှိ |
| **အိမ်အခြေအနေ** | **အလွန်ကောင်း** | **အသင့်အတင့် ကောင်း** | **ညံ့** | **အလွန်ညံ့** |
| **ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု** | **များ** | **အသင့်အတင့်** | **နည်း** | **မရှိ** |
| **အဓိကစီးပွားရေး လုပ်ငန်း** | **စီးပွား (ဝင်ငွေ) အလွန်ကောင်း** | **စီးပွား (ဝင်ငွေ) အသင့်အတင့်** | **စီးပွား (ဝင်ငွေ) နည်း** | **စီးပွား (ဝင်ငွေ) အလွန်နည်း** |
| **အိမ်ထောင်စု** | ၃၀ | ၂၅ | ၂၂ | ၂၁ |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။ ။** ဥစ္စာဓနအဆင့်အခြေအနေမှာ အလွန်အဆင်ပြေဆုံး အိမ်ထောင်စုမှာနည်းပါးပြီး ဆင်းရဲသော အိမ်ထောင်စု နှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများပြားကြောင်း တွေ့ရှိရပါသည်။ ကျေးရွာ၌ ဆင်းရဲပြီး အလုပ်အကိုင်နှင့်အခွင့်အလမ်းနည်းပါးကြောင်း တွေ့ရှိရပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ဈေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦး ဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအ လိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်း စာဖူလုံမှု | ၁၃ | ၃ | အခြားအစာပြောင်းလဲစား = ____<br>အစာလျှော့စား = ____<br>အထောက်အပံ့ယူ = ၃<br>ဈေးယူ = ၄<br>လုပ်အားခကြိုယူ = ၆ |
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ____<br>အစာလျှော့စား = ____<br>အထောက်အပံ့ယူ = ____<br>ဈေးယူ = ____<br>လုပ်အားခကြိုယူ = ____ |
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ____<br>အစာလျှော့စား = ____<br>အထောက်အပံ့ယူ = ____<br>ဈေးယူ = ____<br>လုပ်အားခကြိုယူ = ____ |

